# ကလေးသူငယ် ကာကွယ်စောင့်ရှောက်သူ ဝန်ထမ်းများ လာချိန်

## မိဘများအတွက် သိကောင်းစရာ အချက်အလက်များ

တစ်စုံတစ်ယောက်က ကျန်းမာရေးနှင့် လူသားရေးရာ ဝန်ဆောင်မှုများဌာန (ဌာန) သို့ သင့်ကလေးသည် ကာကွယ်စောင့်ရှောက်မှု လိုအပ်နေဖွယ်ရှိသည်ဟု ဆိုလိုနိုင်သော တိုင်တန်းမှု ပြုလုပ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများဆိုင်ရာ အက်ဥပဒေ *(Children, Youth and Families Act 2005)* အရ ကလေးသူငယ် ကာကွယ် စောင့်ရှောက်မှု ဝန်ထမ်းက ဤတိုင်တန်းချက်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရမည်ဟု ပြဌာန်းထားသည်။ သူတို့၏တာဝန်မှာ သင့်ကလေးသည် အမှန်တကယ်ပင် ကာကွယ်စောင့်ရှောက်မှု လိုအပ်၊မလိုအပ် စစ်ဆေးရန်နှင့် အကယ်၍ လိုအပ်ပါက အကူအညီပေးရန် ဖြစ်သည်။ ဌာနအနေနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက သင့်မိသားစုနှင့် ဤသို့ လာရောက် ပတ်သက်ရခြင်းမှာ စိတ်သောကရောက်စရာဖြစ်ကြောင်း နားလည် သဘောပေါက်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ဖြစ်ပျက်နေသော အခြေအနေ မည်သို့ရှိကြောင်းနှင့် ဤသို့ မည်သည့်အတွက်ကြောင့် ဖြစ်ရကြောင်းတို့ကို အသိပေးနေမည်ဖြစ်ပြီး သင့်ကလေး၏ အကျိုးအတွက် အကောင်းဆုံး ဖြစ်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သင့်ကိုလည်း ပါဝင်စေမည် ဖြစ်ပါသည်။

## မည်သူက တိုင်တန်းသနည်း။

ကလေးတစ်ယောက်တွင် အကူအညီလိုအပ်နေသည်ဟု ယူဆရလျှင် မည်သူမဆို ဌာနသို့ တိုင်တန်းနိုင်သည်။ တရားဥပဒေအရ တိုင်တန်းသူ ကိုယ်တိုင် စာဖြင့်ရေးသားပြီး သဘောတူခွင့်ပြုချက်မပေးသမျှ ဝန်ထမ်းက သင့်ကို မည်သူတိုင်တန်းကြောင်း ပြောခွင့်မရှိပါ။

## ပထမဆုံးအကြိမ် လာရောက်ရာတွင် ဘာဖြစ်မည်နည်း။

ကလေးသူငယ် ကာကွယ် စောင့်ရှောက်မှုလုပ်ငန်း ဝန်ထမ်းက တိုင်တန်းချက်နှင့် ပတ်သက်ပြီး သင်နှင့် သင့်ကလေးကို ပြောပြပါလိမ့်မည်။ ဝန်ထမ်းက သူတို့ လုပ်ဆောင်သော တာဝန်နှင့် သူတို့ရောက်လာရသည့် အကြောင်းရင်းတို့ကို ရှင်းပြပြီး သင့်ကလေးနှင့်ပတ်သက်ပြီး တိုင်တန်းထားသည့်အပေါ် စိတ်ပူပန်စရာများအကြောင်း ဆွေးနွေးပါမည်။ သင့်ကလေး၏ ဘေးကင်း လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ခဲ့ခြင်း  ရှိ၊မရှိ သို့မဟုတ် ထိခိုက်ရန် အလားအလာ ရှိ၊မရှိ သင့်ကလေးနှင့်ဆွေးနွေးကာ စိစစ် အကဲဖြတ်လိုပါသည်။ သူတို့သည် ဤသို့ဆွေးနွေးခြင်းကို မှတ်တမ်းပြုစုထားပါလိမ့်မည်။

## ကျွန်ုပ်က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းများကို ဘာမှမပြောဘဲနေလျှင် ဘာဖြစ်မည်နည်း။

သင် ဝန်ထမ်းနှင့် တိုင်တန်းချက်ကို မဆွေးနွေးဘဲ နေလိုပါက နေနိုင်သော်လည်း ဝန်ထမ်းက တိုင်တန်းမှုနှင့်ပတ်သက်ပြီးစုံစမ်းခြင်းကို လုပ်ကိုဆက်လုပ်ရမည်သာ ဖြစ်သည်။ အကယ်၍ သင်က သင့်အခြေအနေနှင့် ပတ်သက်ပြီး သူတို့ကို ပြောပြပါက ဖြစ်ပျက်ခဲ့သည့် ကိစ္စများအပေါ် သင့် ရှုဒေါင့်ကို ကောင်းစွာ နားလည်ပါလိမ့်မည်။ အကယ်၍ သင်က ပူးပေါင်း ဆောင်ရွက်ပြီး သင့်ကလေး၊ သင့်မိသားစုတို့နှင့်ဆိုင်သော အခြေအနေဆိုင်ရာ မှန်ကန်တိကျသော အချက်အလက်များ ပေးခဲ့လျှင် သင့်အား ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးက ပိုမို ထိရောက်စွာ အကူအညီပေးနိုင်ပါလိမ့်မည်။ အကယ်၍ သင်က သင့် မိသားစု၏ ပကတိအခြေအနေကို ပြည့်စုံစွာ နားလည်နိုင်စေရန် သူတို့နှင့် တွေ့ဆုံ ပြောဆိုစေလိုသောသူ ရှိခဲ့လျှင် ဝန်ထမ်းကို ပြောပြလိုက်ပါ။

## ထိုနောက် ရှေ့ဆက်ဘာဖြစ်မည်နည်း။

ဝန်ထမ်းက သင့်ကလေး၏ အခြေအနေကို ဆက်လက် စုံစမ်းစစ်ဆေးရန် လိုအပ်နိုင်သည်။ အကယ်၍ လိုအပ်ပါက သူတို့သည် သင်နှင့် သင့်ကလေးအား နောက်ထပ် လာရောက် တွေ့ဆုံမှုများအတွက် စီစဉ်ပါလိမ့်မည်။ သူတို့က သင့် ကလေးနှင့် သင့်မိသားစုကို အကူအညီပေးရန် နည်းလမ်းများ ရှာဖွေပါမည်။ ဤသို့ ရှာဖွေရန်အတွက် သူတို့သည် အောက်ဖေါ်ပြပါ အချက်များကိုလည်း ဆောင်ရွက်နိုင်ပါသည် -

၁. သင့်ကလေး၏ အခြေအနေအပေါ် သူတို့၏အမြင်များကို ပြောပြနိုင်သည့် အခြားသူများနှင့် ဆက်သွယ်တွေ့ဆုံခြင်း

၂. လိုအပ်ပါက သင့်ကလေးကို စစ်ဆေးရန်အတွက် ဆရာဝန် သို့မဟုတ် အခြား အထူးကုပညာရှင်နှင့် တွေ့ဆုံရန် စီစဉ်ခြင်း

၃. တိုင်တန်းချက်ဆိုင်ရာအမှုနှင့်ဆိုင်သော အစည်းအဝေး ခေါ်ယူခြင်း

၄. သင်နှင့် သင့်ကလေးကို ဆွေးနွေးအကြံပေးခြင်း သို့မဟုတ် မိသားစုအတွက် ဝန်ဆောင်မှုအဖွဲ့အစည်းထံ ညွှန်းပေးခြင်း တို့ဖြစ်ပါသည်။

အကယ်၍ ဝန်ထမ်းက သင့်ကလေး၌ ဘေးကင်းလုံခြုံမှု မရှိဟု ယူဆခဲ့လျှင် သူတို့သည် ကလေးသူငယ်များဆိုင်ရာ တရားရုံးသို့ သင့်ကလေးအား စောင့်ရှောက်ပေးရန် လျှောက်ထားတင်ပြနိုင်သည်။ ဝန်ထမ်းက ဤကဲ့သို့ ဖြစ်လာလျှင် မည်သို့ လုပ်ဆောင်ရကြောင်းနှင့်သင့်ရှုဒေါင့်အမြင်များကို တရားရုံးသို့ မည်သို့ တင်ပြရကြောင်း ပြောပြပါလိမ့်မည်။ သူတို့က ပုံနှိပ်ထားသည့် နောက်ထပ် သိကောင်းစရာ အချက်အလက်များကိုလည်း ပေးပါလိမ့်မည်။

## ကျွန်ုပ်နှင့် ကျွန်ုပ်မိသားစုအကြောင်း စုဆောင်းထားသော အချက်အလက်များက ဘာဖြစ်မည်နည်း။

သင့်မိသားစုနှင့်ဆိုင်သော မှတ်တမ်းတင်ထားသည့် အချက်အလက်များကို ထားရှိခြင်းနှင့် အသုံးပြုခြင်းကို တရားဥပဒေအရ ထိန်းချုပ်ထားသည်။ အကယ်၍ သင့်ကလေးကို စောင့်ရှောက်ရန်အတွက် တရားရုံး၏ ဆုံးဖြတ်ချက် လိုအပ်ပါက ဤအချက်အလက်များကို ကလေးသူငယ်များဆိုင်ရာ တရားရုံးသို့ ပေးအပ်နိုင်ပါသည်။

VICTORIA State Government | Health and Human Services

စုဆောင်းထားသော အချက်အလက်များအား သင့်ကလေး၏ အကောင်းဆုံးသော အကျိုးအတွက် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရန်နှင့် သင့်ကလေးအားကူညီရန်အတွက် လိုအပ်သော မည်သည့်ကိစ္စကို ဆောင်ရွက်ရန်မဆို အသုံးပြုပါလိမ့်မည်။

## ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုတို့အကြောင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးက မည်သူ့ကို ပြောမည်နည်း။

အကယ်၍ ကလေးသူငယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက ဆွေးနွေး အကြံပေးခြင်း သို့မဟုတ် မိသားစုဆိုင်ရာ အားပေးပံ့ပိုးမှုကဲ့သို့ သင်နှင့် သင့် မိသားစုအား အကူအညီ ပေးရန် စီစဉ်ပါက သင်တို့အား အကောင်းဆုံးသော ဝန်ဆောင်မှုများကို ကူညီ ဆောင်ရွက်ပေးမည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ထံ အချို့သော အချက်အလက်များ ပေးမည်ဖြစ်သည်။ သင်နှင့် သင့်မိသားစုတို့နှင့် ဆိုင်သော စုဆောင်းထားသည့် အချက်အလက်များကို အောက်ဖော်ပြပါနေရာများသို့ ပေးနိုင်သည် -

- အကယ်၍ ကလေးသူငယ်များဆိုင်ရာ တရားရုံးသို့ လျှောက်ထားပါက ကလေးသူငယ်များဆိုင်ရာ တရားရုံး
- မိသားစု ကူညီပံ့ပိုးရေး ဝန်ဆောင်မှုများ သို့မဟုတ် မိဘများကိုယ်စား စောင့်ရှောက်သူများကဲ့သို့သော လူမှုအဖွဲ့အစည်းဆိုင်ရာ ဝန်ဆောင်မှုများ
- ကျောင်းများ၊ ကျန်းမာရေး ဝန်ဆောင်မှု အဖွဲ့အစည်းများ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အထူးကုများ
- ဝန်ဆောင်မှုပေးသည့် အခြားသော အစိုးရဌာနများ
- သင်၏ အခြားသော မိသားစုဝင်များ
- အကယ်၍ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်ခဲ့ခြင်း ရှိနိုင်ပါက ရဲတပ်ဖွဲ့
- အကယ်၍ သင့်ကလေးသည် အက်ဘိုရစ်ဂျင်နယ် ဖြစ်ပါက အက်ဘိုရစ်ဂျင်နယ် ကလေးသူငယ်ဆိုင်ရာ အထူးအကြံပေးနှင့် ကူညီပံ့ပိုးရေး ဝန်ဆောင်မှု အဖွဲ့အစည်းတို့ဖြစ်ပါသည်။

အကယ်၍ သင်သည် ကလေးသူငယ် စောင့်ရှောက်ရေးဆိုင်ရာ ဖိုင်တွဲကို ကြည့်လိုပါက သင် မည်သို့လုပ်ဆောင်ရမည်ကို ဝန်ထမ်းအား မေးမြန်းပါ။ သတင်း အချက်အလက်များ ဆိုင်ရာ လွတ်လပ်မှု မှတဆင့် ဥပဒေအရ လျှောက်ထားရယူရန်အတွက် ဝန်ထမ်းက ကူညီနိုင်ပါသည်။

## နောက်ထပ်သိကောင်းစရာ အချက်အလက်များကို ကျွန်ုပ် ဘယ်မှာရနိုင်မည်နည်း။

သင့်အနေနှင့် ဖြစ်ပျက်နေသော ကိစ္စရပ်များအကြောင်းနှင့်၊ သင့်မိသားစုအား ဝန်ထမ်းက အဘယ်ကြောင့် လာရောက်တွေ့ဆုံရကြောင်းတို့ကို နားလည်ရန် အရေးကြီးပါသည်။ အကယ်၍ သင်နားမလည်ပါက ဝန်ထမ်းအား ရှင်းပြခိုင်းပါ။

အကယ်၍ ဝန်ထမ်းနှင့် ဆွေးနွေးပြီးသော်လည်း သင် နားမလည်သေးလျှင် သို့မဟုတ် ဆွေးနွေးသည့်အပေါ် သို့မဟုတ် အဖြစ်အပျက်များအပေါ် စိတ်ပူပန်ရခြင်း ရှိခဲ့လျှင် ဝန်ထမ်း၏ ကြီးကြပ်သူကို သင် ဆက်သွယ်နိုင်ပါသည်။

သင့်အနေနှင့် ဥပဒေရေးရာ အကြံဉာဏ်နှင့် အကူအညီရယူခွင့် ရှိပါသည်။ အောက် ဖော်ပြပါနေရာများသို့ ဆက်သွယ်ခြင်းအားဖြင့် သင် ရယူနိုင်သည် -

- (*Yellow Pages* ထဲမှ`ရှေ့နေများ 'Solicitors' စာရင်းတွင် အမည်ပါရှိသော) သင့် ဒေသခံ ရှေ့နေ
- Victoria Legal Aid, မဲလ်ဘန်း၊ တယ်လီဖုန်းနံပါတ် 1300 792 387
- The Law Institute of Victoria, တယ်လီဖုန်းနံပါတ် (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, တယ်လီဖုန်းနံပါတ် 1800 064 865
- Aboriginal Family Violence Prevention & Legal Service Victoria, တယ်လီဖုန်းနံပါတ် 1800 105 303
- ဒေသခံ လူမှုအဖွဲ့အစည်း တရားရေးဆိုင်ရာ ဝန်ဆောင်မှု တစ်ခုခု

## အကယ်၍ ကျွန်ုပ်က ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆုံးဖြတ်ချက်ကို သဘောမတူပါက ဘာလုပ်ရမည်နည်း။

အကယ်၍ သင်သည် ဝန်ထမ်း၏ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို သဘောမတူပါက ထိုဆုံးဖြတ်ချက်ကို ပြန်စိစစ်ပေးရန်အတွက် ဝန်ထမ်း၏ ကြီးကြပ်သူကို ပြောဆိုနိုင်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး သင့်အား ဝန်ထမ်း သို့မဟုတ် သူ၏ ကြီးကြပ်သူက ပိုမို ပြောပြနိုင်ပါသည်။

## ကျွန်ုပ်မှာ မကျေနပ်ချက်ရှိ ပါက မည်သို့ ဆောင်ရွက်ရမည်နည်း။

အကယ်၍ သင့်မကျေနပ်မှုသည် ဌာနနှင့် တိုက်ရိုက် ပြောဆိုပြီးသည့်တိုင် ဖြေရှင်းမရနိုင်သေးလျှင် သင့်အနေနှင့် ဗစ်တိုးရီးယားပြည်နယ် မကျေနပ်ချက်များ စုံစမ်းရေး အရာရှိ (Victorian Ombudsman) Level 1, North Tower, 459 Collins Street, Melbourne ထံ ဖုန်းနံပါတ် 9613 6222 တွင်၎င်း၊ သို့မဟုတ် အခမဲ့ ခေါ်နံပါတ် 1800 806 314 တွင်၎င်း ဆက်သွယ်နိုင်သည်။ ဗစ်တိုးရီးယားပြည်နယ် မကျေနပ်ချက်များ စုံစမ်းစစ်ဆေးရေး အရာရှိ ဆိုသူမှာ အစိုးရဌာနများနှင့် ပတ်သက်သော မကျေနပ်မှုများကို စုံစမ်းစစ်ဆေးနိုင်သည်။

မကျေနပ်ချက်များ စုံစမ်းရေး အရာရှိသည် နောက်ဆုံးအဆင့်တက်သော ရုံးဖြစ်သည်အတွက် မကျေနပ်ချက် တိုင်တန်းလိုသူများသည် မကျေနပ်ချက်များ စုံစမ်းရေး အရာရှိထံ လျှောက်လဲခြင်းမပြုမီ မကျေနပ်ချက်ကို ဖြေရှင်းရန် အသုံးပြုနိုင်သည့် လမ်းကြောင်း အားလုံးကို အသုံးပြုရန် တိုက်တွန်းပါသည်။

## ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏အမည်မှာ –

သူ၏ Department of Health and Human Services ရုံး ဖုန်းနံပါတ်မှာ -

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ -

ဤစာစောင်ကို ဖွင့်ဖတ်နိုင်သော စီစဉ်ဖွဲ့စည်းမှုပုံစံဖြင့် ရလိုပါက cpmanual@dhhs.vic.gov.au ထံသို့ အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne က ခွင့်ပြုပြီး ထုတ်ဝေသည်။

မူပိုင် ဗစ်တိုးရီးယားပြည်နယ် March 2016

www.cpmanual.vic.gov.au တွင် ရရှိနိုင်ပါသည်။